# Firefox မှာ click သုံးချက်နဲ့ မြန်မာလိုရိုက်လို့ရအောင်လုပ်နည်း

ကွန်ပျူတာ၊ အင်တာနက် တွေနဲ့ရင်းနှီးတဲ့လူတွေအတွက်ကတော့ install လုပ်ရတာက ဘာမှမပြောပလောက်တဲ့အရာလေးပါ။ ဒါပေမယ့် တစ်ချို့ သုံးတတ်ရုံ user တွေကျတော့ register လုပ်ရတာလိုဟာမျိုးဆို ရှာလည်နေတာတွေ့ဖူးတယ်။ (စာဖတ်သူများကို အထင်သေးခြင်းမဟုတ်ပါ၊ အဆင်ပြေစေချင်တဲ့ ဆန္ဒပါ) အဲဒါကြောင့် click သုံးချက်နဲ့ အလွယ်တစ်ကူသုံးလို့ရအောင် ပြန်လုပ်ပေးလိုက်ပါတယ်။ ဘာပညာသားမှမပါ ပါဘူးခင်ဗျာ။

ဒီနေရာကို နှိပ်လိုက်ပါ။




အဲဒီလို Software Installation ဆိုတဲ့ box လေးပေါ်လာရင် Install Now ကို click လိုက်ပါ။ Instrall လုပ်သွားပြီး အောက်ကပုံမျိုးလေး ပေါ်လာလိမ့်မယ်။



Restart ကို click လုပ်လိုက်ပါ။ Firefox ပြန်ပွင့်လာရင် မြန်မာလို စတင်အသုံးပြုလို့ရပါပြီ။ အသုံးပြုနည်းကိုတော့ ပြီးခဲ့တဲ့ post မှာ ဖတ်လိုက်ပါ။ ကဲ ဘယ်လောက်လွယ်ထားလဲဗျာ။

## [Firefox Add-on နဲ့ Firefox မှာ မြန်မာလိုရိုက်နိုင်]

**mmGeek.org မှ ထုတ်လုပ်လိုက်တဲ့ Burmese Input System FireFox Add-on ကို အသုံးပြုပြီ Mozilla FireFox မှာ Zawgyi-One font ကို အသုံးပြုပြီး မြန်မာစာကို အလွယ်အကူ install လုပ်ပြီး စာရိုက်နိုင်ပါပြီ... ယခင်က Planet နဲ့ Alpha Zawgyi တို့မှ ထွက်ရှိခဲ့တဲ့ Zawgyi Keyboard Layout (IME) ဟာ .exe နဲ့ဖြစ်တဲ့အတွက် သာမာန် User Account Level နဲ့ install လုပ်လို့မရပါဘူး... အခု FireFox Add-on ကတော့ သာမာန် User Account မှာလည်း install လုပ်လို့ရပါတယ်...**

**Burmese Input System FireFox Add-on ကို Install လုပ်ဖို့အတွက် FireFox ကနေ [https://addons.mozilla.org/en-US/firefox/addon/8279] ကိုသွားပြီး Add to FireFox ကို click လုပ်ပြီး Install လုပ်ပါ... mozilla.org မှာ register လုပ်ထားဖို့တော့ လိုအပ်ပါတယ်... install လုပ်ပြီးသွားရင် Firefox ကို restart လုပ်ခိုင်းပါလိမ့်မယ်... Restart လုပ်ပြီးလို့ ပြန်တက်လာတဲ့အခါ အသုံးပြုလို့ရပါပြီ...**

**ဘယ်လို သုံးရမလဲဆိုတော့ FireFox ထဲမှာ Zawgyi-One နဲ့ စာရိုက်ချင်တဲ့နေရာမှာ Right click နှိပ်ပါ...**



အပေါ်က ပုံအတိုင်း ပေါ်လာရင် MMGeeks Input System > Burmese ကိုရွေးမယ်ဆိုရင် ပုံမှန် Zawgyi-One ရိုက်နေကျ အတိုင်း စာရိုက်လို့ရပါတယ်... Burglish ကိုရွေးမယ် ဆိုရင်တော့ "နေကောင်းလား " ရိုက်ချင်တယ် ဆိုရင် "nay kaung lar" ပုံစံမျိုးနဲ့ ရိုက်နိုင်ပါတယ်... nay လို့ ရိုက်လိုက်တယ်... ကျတော်တို့လိုချင်တဲ့ က 0 နေရာမှာရှိရင် 0 (zero) ကို နှိပ်လိုက်ပါ... ကောင်း ပေါ်ဖို့ဆိုရင် kaung လို့ရိုက်လိုက်တယ်... အောက်က ပုံအတိုင်း ကောင်း က 1 နံပါတ်မှာ ရှိတဲ့အတွက် 1 ကိုနှိပ်လိုက်ရပါတယ်...အလားတူ လား ပေါ်ဖို့ lar လို့ရိုက်ပြီး လား ရှိတဲ့ 1 ကိုနှိပ်လိုက်ရင် ရပါပြီ...




အကျယ် သိချင်ရင်တော့ ဒီ mmGeeks.org မှာသွားရောက် ဖတ်ရှု မေးမြန်းနိုင်ကြောင်းပါ...

ဒီလို အသုံးဝင်တဲ့ အခြား project များကို အခကြေးငွေမပါဘဲ ရေးသား ဖြန့်ချီပေးနေတဲ့ mmGeeks.org ကို ကျေးဇူး အရမ်းတင်ပါတယ်...